မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

May 25, 2026 Volume 102 , Number 16

| ၂၅. ၅. ၂၀၂၆ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၃.၂၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၃.၆၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၁.၁၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၅၀၃.၅၀ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၅၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၈.၆၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၀.၉၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၆၁ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## တစ်ပတ်အတွင်း သီးနှံဈေးကွက်သုံးသပ်ချက်
## (၁၈-၅-၂၀၂၆ မှ ၂၂-၅-၂၀၂၆ အထိ)




**မတ်ပဲ**

ပြီးခဲ့သည့် ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ်တွင် အိန္ဒိယက မြန်မာနိုင်ငံမှ မတ်ပဲတန်ချိန် ၁၀ သိန်းကျော် တင်သွင်းထားသည်ဟု IPGA (India Pulses and Grains Association) က စာရင်းများတွင် ဖော်ပြထားသည်။ ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာနှစ်ထက် တန်ချိန် ၂ သိန်းကျော် ပိုများသဖြင့် ယခုဘဏ္ဍာနှစ် ၂၀၂၆ – ၂၀၂၇ အစပိုင်းလများတွင် မတ်ပဲ ဝယ်လိုအား အနည်းငယ် အားပျော့လာသည်။

သို့သော် အိန္ဒိယနိုင်ငံအတွင်း နွေရာသီစိုက်ပျိုးသည့် မတ်ပဲများ ဈေးကွက်ဝင်နေချိန် မြန်မာမတ်ပဲ CNF ဈေးက မတ်ပဲ FAQ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၀၅ မှ ၈၁၅၊ မတ်ပဲ SQ တစ်တန်လျှင် ဒေါ်လာ ၈၉၅ မှ ၉၀၅ သို့ ဈေးပြောင်းသွားသည်။ အိန္ဒိယပြည်တွင်း၌ မြန်မာမတ်ပဲဈေး အနည်းငယ် ပြန်မာလာသည့် အခြေအနေမျိုးဖြစ်သည်။ ထို့ပြင် ဘရာဇီးမတ်ပဲက တစ်တန်လျှင် ဒေါ်လာ ၈၈၀ ဈေးဖွင့်သည်။

အိန္ဒိယပြည်တွင်းဈေး အတက်ဘက်သို့ ပြောင်းလဲနေသော်လည်း မြန်မာဈေးကွက်တွင် မတ်ပဲ SQ က ဈေးအနည်းငယ် ကျဆင်းနေသည်။ မြန်မာနိုင်ငံ ဈေးကွက်တွင် မတ်ပဲ ပြည်ပသို့ ရောင်းချသည့် (FOB) ဈေးက မတ်ပဲ FAQ တစ်တန်လျှင် ဒေါ်လာ ၇၆၅ –၇၇၅ ဖြင့် ဈေးငြိမ်နေသော်လည်း မတ်ပဲ SQ တစ်တန်လျှင် ဒေါ်လာ ၈၅၅ – ၈၆၅ မှ ၈၅၀ – ၈၆၀ သို့ ဈေးပြောင်းသွားသည်။

ယခုရက်သတ္တပတ် ရန်ကုန်ဈေးကွက်တွင် မတ်ပဲ ပြည်တွင်းဈေးက မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၃,၀၅၉,၀၀၀ မှ ၃,၀၇၆,၀၀၀ ထိ ဈေးတက်ပြီးနောက် ၃,၀၆၂,၀၀၀

ကျပ်သို့ ဈေးပြောင်းလာသည်။ မတ်ပဲ SQ ကလည်း တစ်တန်လျှင် ကျပ် ၃,၃၇၉,၀၀၀ မှ ၃,၃၉၆,၀၀၀ သို့ ဈေးတက်ပြီး ၃,၃၈၂,၀၀၀ ကျပ်သို့ ဈေးပြန်ပြောင်းသွားသည်။

**ပဲကြီး**

ဈေးဆက်တိုက်မြင့်တက်ခဲ့သော ပဲကြီးက ယခုရက်သတ္တပတ်တွင် ပြည်တွင်းဈေး ကျရိပ်သန်းသော်လည်း ပြည်ပသို့ ရောင်းချသည့် FOB ဈေး ထပ်မံမြင့်တက်လာသည်။ ရန်ကုန်ဈေးကွက်တွင် ပဲကြီး FOB ဈေးက တစ်တန်လျှင် ဒေါ်လာ ၅၀ ခန့် ဈေးတက်လာပြီး ပဲကြီးတစ်တန်လျှင် ဒေါ်လာ ၁၃၈၅ – ၁၃၉၅ မှ ၁၄၃၅ – ၁၄၄၅ သို့ ဈေးပြောင်းသွားသည်။

ပဲကြီးပြည်ပဈေး မြင့်တက်လာသော်လည်းလုပ်ငန်းသမားနှင့်လှောင်သမားဝယ်လိုအားပျော့ခြင်းကြောင့် ရန်ကုန်နှင့် မန္တလေး ဈေးကွက်များတွင် ပဲကြီးပြည်တွင်းဈေးက အနည်းငယ် ကျဆင်းလာသည်။ ယခုရက်သတ္တပတ် ရန်ကုန်ဈေးကွက်တွင် ပဲကြီး ပြည်တွင်းဈေးက ပဲကြီး (ကုန်း) ၂၀၂၆ Crop တစ်ပိဿာလျှင် ကျပ် ၉၄၇၅ – ၉၅၇၀ မှ ၉၃၇၀ – ၉၄၈၀ သို့ ဈေးပြောင်းသွားသည်။ ပဲကြီး (ရွှေကျွန်း) ကမူ တစ်ပိဿာလျှင် ကျပ် ၁၁,၂၆၅ –၁၀,၆၂၀ ဖြင့် ဈေးငြိမ်နေသည်။

မန္တလေးဈေးကွက်တွင် ပဲကြီးဈေးက အမျိုးအစားအလိုက် ကျဆင်းမှု မတူညီပေ၊ ပဲကြီး (ကြီး) တစ်တန်လျှင် ကျပ် ၆,၄၈၀,၀၀၀ ကျော်မှ ၆,၃၁၀,၀၀၀ ကျော်သို့ ဈေးကျပြီး ပဲကြီး (လတ်) တစ်တန်လျှင် ကျပ် ၆,၂၆၀,၀၀၀ ကျော်မှ ကျပ်သိန်း ၆၀ ကျော်သို့ ဈေးကျလာသည်။ ပဲကြီး (သေး) တစ်တန်လျှင် ကျပ် ၅,၉၂၀,၀၀၀ ကျော်ဖြင့် ဈေးငြိမ်နေသည်။

**ပဲတီစိမ်း**

ပြီးခဲ့သည့် ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ တန်ချိန် သုံးသိန်းခွဲကျော် တင်ပို့ထားသော ပဲတီစိမ်းက လက်ရှိအချိန်တွင် ပြည်တွင်း၊ ပြည်ပဈေး ကျဆင်းလာသည်၊ မုတ်သုံရာသီအစပိုင်းတွင် တရုတ်ကုန်သည်များ၏ ဝယ်လိုအား အေးလာခြင်းက ပဲတီစိမ်းဈေး ကျဆင်းမှုကို တွန်းအားဖြစ်လာစေသည်။

ယခုရက်သတ္တပတ်တွင် ပဲတီစိမ်းက ပြည်တွင်းဈေးသာမက ပြည်ပဈေးလည်း ကျဆင်းနေသည်၊ ပဲတီစိမ်း ပြည်ပရောင်းချသည့် FOB ဈေးက တစ်တန်လျှင် ဒေါ်လာ ၃၀ ခန့် ဈေးကျဆင်းလာသည်၊ ရန်ကုန်ဈေးကွက်တွင် ပဲတီစိမ်း (အညာ) FOB တစ်တန်လျှင် ဒေါ်လာ ၉၂၀ – ၉၃၀ မှ ၈၉၀ – ၉၀၀ သို့ ဈေးပြောင်းပြီး၊ ပဲတီစိမ်း (ရွှေဝါ) FAQ တစ်တန်လျှင် ဒေါ်လာ ၁၀၂၀ – ၁၀၃၀ မှ ၉၉၀ –၁၀၀၀ သို့ ဈေးပြောင်းသွားသည်။

ထို့ပြင် ပဲတီစိမ်း ပြည်တွင်းဈေးက ပဲတီစိမ်း (အညာ) တစ်ပိဿာလျှင် ကျပ် ၅၈၃၀ – ၅၈၃၅ မှ ၅၅၀၀ – ၅၅၂၀ သို့ ဈေးပြောင်းပြီး ပဲတီစိမ်း (ခရမ်းနှင့် ပဲခူး) ရွှေဝါတစ်ပိဿာလျှင် ကျပ် ၆၄၁၅ မှ ၆၁၆၅ ကျပ်၊ ပဲတီစိမ်း (ဝါးခယ်မ) FAQ တစ်တန်လျှင် ကျပ် ၅၅၀၀ – ၅၅၅၀ မှ ၅၃၃၀ – ၅၃၅၀ သို့ ဈေးပြောင်းသွားသည်။ မန္တလေးဈေးကွက်တွင် ပဲတီစိမ်း (အညာ) သစ်က တစ်တန်လျှင် ကျပ် ၃,၅၉၀,၀၀၀ ကျော်မှ ၃,၃၇၀,၀၀၀ ကျော်သို့ ဈေးပြောင်းသွားသည်။

**နှမ်း**

ဆီထွက်သီးနှံတစ်မျိုး ဖြစ်သည့် နှမ်းက ပြည်ပဈေးကျသော်လည်း ပြည်တွင်းဈေးက အတက်၊ အကျ အပြောင်းအလဲ ရှိနေသည်။ ရန်ကုန်ဈေးကွက်တွင် နှမ်းပြည်ပရောင်းချသည့် FOB ဈေးက နှမ်းနက် (စမုန်) တစ်တန်လျှင် ၇၅ ဒေါ်လာ၊ နှမ်းညို တစ်တန်လျှင် ဒေါ်လာ ၃၀ ခန့် ဈေးကျလာသည်။

နှမ်းနက် (စမုန်) တစ်တန်လျှင် ဒေါ်လာ ၂၄၅၅ – ၂၄၆၅ မှ ၂၃၈၀ – ၂၃၉၀ သို့လည်းကောင်း၊ နှမ်းညိုကလည်း တစ်တန်လျှင် ဒေါ်လာ ၁၃၆၀ – ၁၃၇၀ မှ ၁၃၃၀ – ၁၃၄၀ သို့လည်းကောင်း ဈေးပြောင်းသွားသည်။ နှမ်းဖြူကမူ တစ်တန်လျှင် ဒေါ်လာ ၁၃၇၅ –၁၃၈၅ ဖြင့် ဈေးငြိမ်နေသည်။

မန္တလေးဈေးကွက်တွင် ပြည်တွင်းနှမ်းဈေးက နှမ်းဖြူ (ဗမာ) တစ်တန်လျှင် ကျပ်သိန်း ၅၀ ကျော်ဖြင့် ဈေးငြိမ်နေပြီး နှမ်းဖြူ (ဂျပန်) တစ်တန်လျှင် ကျပ် ၅၁ သိန်းကျော်မှ သိန်း ၅၀ ကျော်သို့ ဈေးကျသွားသည်။ သို့သော် နှမ်းနက် (စမုန်) ကမူ တစ်တန်လျှင် ကျပ် ၆၀၀,၀၀၀ ကျော် ဈေးပြန်တက်လာပြီး တစ်တန်လျှင် ကျပ် ၇,၇၅၀,၀၀၀ ကျော်မှ ၈,၄၃၀,၀၀၀ ကျော်သို့

ဈေးပြောင်းသွားသည်။ နှမ်းညို (သစ်) ကမူ တစ်တန်လျှင် ကျပ်သိန်း ၅၀ ကျော်ဖြင့် ဈေးဖွင့်ထားသည်။

**ပြောင်း**

ပြီးခဲ့သည့် ရက်သတ္တပတ်တွင် ဈေးအနည်းငယ်အေးသွားသည့် ပြောင်းက ယခုရက်သတ္တပတ်တွင် ပြည်တွင်းဈေးသာမက ပြည်ပဈေးလည်း ပြန်မာလာသည်။ ထိုင်းနိုင်ငံ၏ အခွန်ကင်းလွတ်ခွင့်ဖြင့် ပြောင်းဝယ်ယူနေသည့် သတ်မှတ်ကာလ ကုန်ဆုံးရန် တစ်လကျော်သာ အချိန်ကျန်ရှိချိန်တွင် ပြည်တွင်းပြောင်းဈေးမာနေခြင်းဖြစ်သည်။

ယခုရက်သတ္တပတ်တွင် ပြောင်းပြည်ပရောင်းချသည့် FOB ဈေးက ပြောင်းတစ်တန်လျှင် ဒေါ်လာ ၂၇၀ – ၂၈၀ မှ ၂၇၅ – ၂၈၅ သို့ ဈေးပြောင်းလာသည်။ ထို့ပြင် ရန်ကုန်ဈေးကွက်တွင် ပြည်တွင်းပြောင်းဈေးက တစ်ပိဿာလျှင် ကျပ် ၁၇၈၀– ၁၈၀၀ မှ ၁၈၃၀ – ၁၈၅၀ သို့ ဈေးပြောင်းသွားသည်။

ယခုရက်သတ္တပတ် မန္တလေးဈေးကွက်တွင် ပြောင်းက အမျိုးအစားအလိုက် ဈေးမြင့်တက်လာသည်။ ရှမ်းပြောင်းနှင့် CP ပြောင်းသစ်က ဈေးငြိမ်နေသော်လည်း အထွက်တိုးပြောင်းနီက တစ်တန်လျှင် ကျပ် ၁၀၀,၀၀၀ ကျော် ဈေးတက်လာသည်။

မန္တလေးဈေးကွက်တွင် ရှမ်းပြောင်းတစ်တန်လျှင် ကျပ် ၉၅၂,၀၀၀ ကျော်၊ CP ပြောင်းသစ်တစ်တန်လျှင် ကျပ် ၉၈၆,၀၀၀ ကျော်ဖြင့် ဈေးငြိမ်နေပြီး အထွက်တိုးပြောင်းနီက တစ်တန်လျှင် ကျပ် ၁,၈၄၀,၀၀၀ ကျော်မှ ၁,၉၆၀,၀၀၀ ကျော်သို့ ဈေးပြောင်း သွားသည်။

Source : https://htwettoe.com/

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇,၄၂၃ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ



စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ် ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူ စားသုံးနိုင်စေရန်နှင့်ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ် စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှု များအရ ၂၀၂၆ ခုနှစ်၊ မေလ ၂၂ ရက်နေ့မှ ၂၈ ရက်နေ့အထိရန်ကုန်အထိုင်ဈေးအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၄၂၃ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်းထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တို့တွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**Source :** https://www.doca.gov.mm/

## Green Gold က အမေရိကန်သို့ ကော်ဖီဆံအစိမ်းများ တင်ပို့ရောင်းချမည်



Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းက အမေရိကန်နိုင်ငံထံ ကော်ဖီဆန်အစိမ်းတွေ တင်ပို့ရောင်းချနိုင်ရေး လျာထားဆောင်ရွက်နေတယ်လို့ သိရပါတယ်။

အခု ၂၀၂၆ ခုနှစ်အတွင်း တင်ပို့နိုင်ရေး ဆောင်ရွက်နေတဲ့အကြောင်း ဟိုပုံးမြို့နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

"တစ်အိတ်ကို ၆၀ ကီလိုဂရမ်နဲ့ ပထမအကြိမ် အိတ် ၆၀ တင်ပို့ဖို့ အသင်းအနေနဲ့ လျာထားတာ ရှိပါတယ်"လို့ ဆိုပါတယ်။

Green Gold ကော်ဖီကို ဘိန်းအစားထိုးသီးနှံအဖြစ် လွိုင်လင်မြို့နယ်နဲ့ ဟိုပုံးမြို့နယ်တွေမှာ ဧက ၁၆၀၀၀ စိုက်ပျိုးထားရှိတယ်လို့လည်း ဟိုပုံးမြို့နယ် သမဝါယမဦးစီးဌာနကနေ သိရပါတယ်။

Green Gold ကော်ဖီကို ၂၀၁၉ ခုနှစ်မှ စတင်ကာ ပြင်သစ်နဲ့ ဘယ်လ်ဂျီယံအပါအဝင် ပြည်ပနိုင်ငံတွေဆီ နှစ်စဉ်တင်ပို့လျက်ရှိတယ်လို့ သိရပါတယ်။

အခုဘဏ္ဍာနှစ် မေလမှာဆိုရင် ပြစ်သစ်နိုင်ငံအခြေစိုက် ကုမ္ပဏီတစ်ခုထံ ပထမအကြိမ်နဲ့ ဒုတိယအကြိမ် စုစုပေါင်းတန်ချိန် ၃၄ ဒသမ၀၈ တန် တင်ပို့နိုင်ခဲ့တယ်လို့လည်း သိရပါတယ်။

Green Gold အနေနဲ့ကော်ဖီတင်ပို့မှုကနေ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနေသလို ဘိန်းအစားထိုးသီးနှံအဖြစ် ကော်ဖီစိုက်ပျိုးပြီး သမဝါယမအသင်းဝင် တောင်သူတွေကို ဝင်ငွေရရှိစေဖို့ ဆောင်ရွက်နေတယ်လို့ သိရပါတယ်။

**Source : BETV Business**

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပဲမျိုးစုံ၊ ပြောင်းနဲ့ နှမ်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံကျော် ရရှိခဲ့



၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာ ပြည်ပဈေးကွက်နိုင်ငံတွေဆီ ပဲမျိုးစုံ၊ ပြောင်းနဲ့ နှမ်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံကျော် ရရှိခဲ့ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းရဲ့ အချက်အလက်တွေအရ သိရပါတယ်။

အဆိုပါကာလအတွင်း မြန်မာနိုင်ငံကနေ ပဲမျိုးစုံတန်ချိန် ၁ ဒသမ၇၇ သန်းကျော်၊ ပြောင်းတန်ချိန် ၁ ဒသမ ၂၃ သန်းကျော်နဲ့ နှမ်းတန်ချိန် ၁၁၇,၀၀၀ ကျော် တင်ပို့ခဲ့တယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ပဲမျိုးစုံ၊ ပြောင်းနဲ့ နှမ်းများကို နိုင်ငံပေါင်း ၄၅ နိုင်ငံကျော်ဆီ တင်ပို့လျက်ရှိပြီး အိန္ဒိယ၊ ထိုင်း၊ ဖိလစ်ပိုင်၊ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့က အဓိကဝယ်လက်နိုင်ငံတွေလည်း ဖြစ်ပါတယ်။

ပဲမျိုးစုံစိုက်ပျိုးမှုကိုကြည့်ရင် ဆန်စပါးပြီးပါက စိုက်ပျိုးဧရိယာဒုတိယအများဆုံးဖြစ်ပြီး စုစုပေါင်း စိုက်ပျိုးရေးမြေဧရိယာရဲ့ ၂၀ ရာခိုင်နှုန်းခန့်ရှိတာကိုလည်း အသင်းကနေ သိရပါတယ်။

စပါး၊ ပဲ၊ ပြောင်း စတဲ့ အရေးကြီးသီးနှံ ၁၀ မျိုးရဲ့ ပန်းတိုင်ရည်မှန်းချက်မပြည့်မီတာကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ နှစ်စဉ်ဒေါ်လာ ၈ ဘီလီယံခန့် ထိခိုက်နစ်နာ ဆုံးရှုံးရလျက်ရှိကြောင်း နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မေလ ၁၅ ရက်မှာ ပြောကြားထားတာ ရှိပါတယ်။

တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လက်ရှိစိုက်ပျိုးနေတဲ့ စိုက်ဧကအတိုင်း သီးထပ်စွမ်းအားပြည့်မီအောင် စိုက်ပျိုးနိုင်မယ်ဆိုရင်

နှစ်စဉ် အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံခန့် ပိုမိုအကျိုးအမြတ် ရရှိနိုင်မယ်လို့ ဆိုပါတယ်။

ကမ္ဘာ့အင်အားကြီး အမေရိကန်နိုင်ငံရဲ့ စိုက်ပျိုးရေးထုတ်ကုန်တင်ပို့မှုကို ဥပမာပေးပြီးစိုက်ပျိုးမွေးမြူရေးကို အခြေခံတဲ့ကုန်ထုတ်လုပ်ငန်း (Agro-based Industries) ကို အားပေးမြှင့်တင်ပြီး နိုင်ငံစီးပွားဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်သွားကြဖို့လည်း တိုက်တွန်းထားပါတယ်။

**Source : BETV Business**

## အုတ်တွင်းမြို့နယ်ရှိ မိုးပြောင်းစိုက်ပျိုးထားရှိမှုအခြေအနေ



တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ဝါးတီးကျေးရွာအုပ်စု၊ ညောင်ပင်ရွာမှ ကျေးလက်နေပြည်သူများသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြသည်။ ရာသီအလိုက်သီးနှံများ စိုက်ပျိုးလျက်ရှိရာ ဒေသတွင်းအများဆုံးစားသုံးကြပြီး ဈေးကွက်ဝင်၍ အာဟာရဓာတ် ကြွယ်ဝသော ပြောင်းဖူး သီးနှံကို အားထားစိုက်ပျိုးကြသည်။

ပြောင်းဖူးတွင် အဖြူမျိုး (ဖန်စီချိတ်) နှင့် အဝါမျိုး (King) ဟူ၍ နှစ်မျိုးရှိပြီး အချိန်မရွေးစိုက်၍ ရသည်ဆိုသော်လည်း မိုးရာသီစိုက်ပျိုးရခြင်းသည် ရေးသွင်းရန်မလိုသည့်အတွက် ကုန်ကျစရိတ်သက်သာစေသည်။

ပြောင်းဖူးသီးနှံကို ဧပြီလကုန်မှမေလဆန်းပိုင်းတွင် စိုက်ပျိုးထားပြီး ဇူလိုင်လကုန်တွင် ရောင်းချနိုင်မည်ဖြစ်သည်။ စိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးအစေ့ ၃၀၀၀ ပါ ၄ ထုပ် စိုက်ပျိုးရကြောင်း၊ မျိုး၊ ထွန်ယက်ခ၊ လုပ်သားခနှင့်သွင်းအားစု ကုန်ကျစရိတ်ပေါင်း ၁,၂၅၀,၀၀၀ ကျပ်ကုန်ကျကြောင်း၊ ဖြစ်ထွန်းလာသော သီးနှံများကို ကုန်သည်/ပွဲစားများက အပင်အရေအတွက်ဖြင့် တွက်၍ အခင်းပြတ် ဝယ်ယူကြကြောင်း၊ အကျိုးအမြတ်အနေဖြင့် "သီးနှံဖြိုင်လျှင်ဈေးကွက်ယိုင်လာ" သည်ဖြစ် ကြောင်း တောင်သူများထံမှ သိရသည်။

ယခင်နှစ်က ပြောင်းဖူးအကြီးတစ်ဖူးလျှင် ၈၀၀ ကျပ်ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာတွင် ကုန်ကျစရိတ်နုတ်ပြီး ကျပ်သိန်း ၅၀ ဝန်းကျင်ခန့် အမြတ်ရရှိခဲ့ကြောင်း၊ယခုနှစ် ဈေးကောင်းရမည်ဆိုပါက အကျိုးအမြတ်ပိုရရှိနိုင်ကြောင်း၊ မိုးရာသီတွင် စိုက်ပျိုးရသော ပြောင်းသီးနှံသည် ကုန်ကျစရိတ်သက်သာသော်လည်း အနံ့ထွက်ချိန်တွင် မိုးရွာသွန်းမှုများရှိသဖြင့် အပျက်အစီးများ ရှိနိုင်ကြောင်းပြောင်းစိုက်ပျိုးသည့် တောင်သူတစ်ဦးထံမှ သိရသည်။

**Source : DOCA(ပဲခူး)**

## ကာဇက်စတန်သည် ၂၀၂၆ ခုနှစ်တွင် ကျောက်မီးသွေးထုတ်လုပ်မှုတန်ချိန် ၁၂၈ ဒသမ ၉ သန်းအထိ တိုးမြှင့်ရန် စီစဉ်ထားသည်

ကာဇက်စတန်သည် ၂၀၂၆ ခုနှစ်တွင် ကျောက်မီးသွေးလုပ်ငန်းသို့ ဒေါ်လာ ၁ ဒသမ၁ ဘီလီယံ ဆွဲဆောင်ရန်စီစဉ်နေကြောင်း နိုင်ငံ၏ စွမ်းအင်ဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

၂၀၂၅ ခုနှစ်တွင် ကဏ္ဍတွင်းရင်းနှီးမြှုပ်နှံမှုပမာဏ ၃၀၅ ဘီလီယံ tenge ($ ၆၄၈ ဒသမ ၈ million)သို့ရောက်ရှိခဲ့ပြီး လာမည့်နှစ်တွင် ၅၅၃ billion tenge အထိတိုးလာရန် မျှော်မှန်းထားသည်။

၂၀၂၅ နှစ်ကုန်တွင် နိုင်ငံ၏ကျောက်မီးသွေးထုတ်လုပ်မှုသည် ၂၀၂၄ နှင့်နှိုင်းယှဉ်ပါက ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး တန်ချိန် ၁၁၅ သန်းအထိရှိလာခဲ့သည်။ ယင်းတို့အနက် တန်ချိန် ၈၅ သန်းကို ပြည်တွင်းစားသုံးမှုနှင့် စည်ပင်သာယာလိုအပ်ချက်အတွက်

အသုံးပြုခဲ့ပြီး အခြားတန်ချိန်သန်း ၃၀ တင်ပို့ခဲ့သည်။ ၂၀၂၆ ခုနှစ်တွင် ထုတ်လုပ်မှုတန်ချိန် ၁၂၈ ဒသမ ၉ သန်းအထိတိုးမြှင့်ရန် စီစဉ် ထားသည်။

ကာဇက်စတန်ကျောက်မီးသွေးကို အဓိကတင်သွင်းသူမှာ ရုရှား၊ ပိုလန်၊ ဥဇဘက်ကစ္စတန်၊ တူရကီ၊ အိန္ဒိယ၊ မလေးရှားနှင့် အခြားနိုင်ငံများဖြစ်သည်။ ကာဇက်စတန်သည် ကမ္ဘာပေါ်တွင် ကျောက်မီးသွေးအရန် အရန်နံပါတ် ၁၀ ဖြစ်သည်၊ စုစုပေါင်း ပမာဏမှာ တန်ချိန် ၃၃ ဒသမ၆ ဘီလီယံခန့်ရှိပြီး လက်ရှိထုတ်လုပ်မှုနှုန်းဖြင့် နှစ်ပေါင်း ၃၀၀ ကျော်ကြာအောင် လုံလောက်သည်။

**Source: https://www.angi.ru**

**(အောင်ဖြိုးထွဋ်၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

## ဟိုချီမင်းစီးတီးတွင် ဒူးရင်းသီး လက်လီဈေးနှုန်းများ တစ်ကီလိုဂရမ်လျှင် ၁ ဒသမ၅ ဒေါ်လာအထိ ကျဆင်းသွား



ဟိုချီမင်းစီးတီး (HCMC) ရှိ လမ်းဘေးဆိုင်များနှင့် ဆူပါမားကက်များတွင် ဒူးရင်းသီးများကို တစ်ကီလိုဂရမ်လျှင် ဗီယက်နမ် ဒေါင် ၄၀,၀၀၀ မှ ၆၀,၀၀၀ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ - ၂ ဒသမ ၃) ဖြင့် လက်လီရောင်းချနေကြပြီး ယခင်နှစ်ကထက် ၅၀ ရာခိုင်နှုန်းခန့် ဈေးနှုန်းကျဆင်းသွားခြင်း ဖြစ်သည်။

မြို့အနှံ့ရှိ လမ်းမများပေါ်တွင် ဒူးရင်းသီးဆိုင်များ မှိုလိုပေါက်လာပြီး ဈေးနှုန်းသက်သာမှုကြောင့် ဖြတ်သန်းသွားလာနေသည့် မော်တော်ဆိုင်ကယ်သမားများကို ဆွဲဆောင်လျက်ရှိသည်။ လွန်ခဲ့သည့် တစ်နှစ်က Ri6 ဒူးရင်းသီးအမျိုးအစားကို တစ်ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင် ၈၀,၀၀၀ မှ ၁၂၀,၀၀၀ ကြားဖြင့် လက်လီရောင်းချခဲ့ရကြောင်း အဆိုပါဆိုင်အချို့မှ အရောင်းသမားများက ပြောကြားခဲ့သည်။

Pham Van Dong လမ်းပေါ်တွင် ဆိုင်ဖွင့်ထားသည့် ကုန်သည်တစ်ဦးဖြစ်သူ Hong က ၎င်းအနေဖြင့် ပုံမှန်အားဖြင့် ဖရဲသီးနှင့် ကျွဲကောသီးများကိုသာ ရောင်းချလေ့ရှိသော်လည်း ယခုနှစ်တွင် စိုက်ခင်းအဝယ်ဒိုင်ဈေးများ အလွန်ကျဆင်းသွား သောကြောင့် ဒူးရင်းသီးပြောင်းလဲ ရောင်းချခြင်းဖြစ်ကြောင်း ပြောသည်။

၎င်းသည် Ri6 ဒူးရင်းသီးများကို မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရှိ Dong Thap ပြည်နယ်မှ ဝယ်ယူခြင်းဖြစ်ပြီး ဟိုချီမင်း စီးတီးတွင် အလွန်အရောင်းသွက်သည်ဟု ထည့်သွင်းပြောကြားခဲ့သည်။

မြို့တွင်းရှိ ဆူပါမားကက် အများအပြားတွင်လည်း Ri6 နှင့် Monthong ဒူးရင်းသီး အမျိုးအစား နှစ်ခုစလုံးကို အလားတူ ဈေးနှုန်းများဖြင့် ရောင်းချနေကြသည်။ Le Duc Tho လမ်းပေါ်တွင် သစ်သီးဆိုင်ဖွင့်ထားသူ Pho က ပုံမှန်အားဖြင့် ပုံသဏ္ဍာန် မမှန်သော သို့မဟုတ် အရည်အသွေးနိမ့်သော ဒူးရင်းသီးများကိုသာ ယခုကဲ့သို့ ဈေးအပေါဆုံးဖြင့် ရောင်းချလေ့ရှိပြီး အရည် အသွေး ကောင်းမွန်သော အသီးများကိုမူ ပို့ကုန်အတွက် သီးသန့်ဖယ်ထားလေ့ရှိကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသမှ ဒူးရင်းသီးကုန်သည်တစ်ဦးဖြစ်သူ Hoang က ၎င်းအနေဖြင့် ပုံမှန်အားဖြင့် နှစ်စဉ် ယခုလို အချိန်မျိုးတွင် ပြည်ပပို့ကုန်လုပ်ငန်းရှင်များအတွက် အသီးများကို လိုက်လံဝယ်ယူပေးရသော်လည်း ယခုနှစ်တွင် ပြည်ပတင်ပို့မှု ပိုင်း၌ အခက်အခဲများနှင့် ရင်ဆိုင်နေရသောကြောင့် မေလဆန်းကတည်းက ပြည်တွင်းဖြန့်ဖြူးသူများထံသာ လွှဲပြောင်းရောင်းချ နေရကြောင်း ပြောသည်။

ဗီယက်နမ် သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်အသင်း (Vinafruit) ၏ ပြောကြားချက်အရ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ၏ ဒူးရင်းသီးအထွက်ဆုံး ရာသီချိန်နှင့် တိုက်ဆိုင်ပြီး အကြီးဆုံးဈေးကွက်ဖြစ်သည့် တရုတ်နိုင်ငံသို့ တင်ပို့မှုနှေးကွေးသွားခြင်း ကြောင့် လတ်တလောလများ အတွင်း ဒူးရင်းသီးဈေးနှုန်းများ အဆမတန်ထိုးကျသွားခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်ပသို့တင်ပို့ရန်အတွက် အရည်အသွေးစစ်ဆေးမှု (Quality testing) အဆင့်ဆင့်သည် အချိန်အလွန်ကြာမြင့်နေသဖြင့် စီးပွားရေးလုပ်ငန်းရှင်များက အဝယ်ရပ်ဆိုင်းထားကြခြင်းဖြစ်သည်ဟုလည်း ဖြည့်စွက်ပြောကြားခဲ့သည်။

ဗီယက်နမ် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်အသင်း၏ အထွေထွေအတွင်းရေးမှူး Dang Phuc Nguyen ကလည်း လက်ရှိအချိန်သည် တရုတ်နိုင်ငံသို့ ပို့ကုန်ချင်းပြိုင်ဆိုင်နေရသည့် ထိုင်းနိုင်ငံ၏ ဒူးရင်းသီးအထွက်ဆုံး ရာသီချိန်ဖြစ်နေကြောင်း ထောက်ပြခဲ့သည်။

သို့သော် ထိုင်းနိုင်ငံ၏ ရိတ်သိမ်းရာသီမှာ ကုန်ဆုံးလုနီးပါးဖြစ်နေပြီး ဗီယက်နမ်နိုင်ငံ၏ အရှေ့တောင်ဘက်ဒေသများတွင်မူ ဒူးရင်းသီးများ မကြာမီ စတင်ရိတ်သိမ်းတော့မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။ တရုတ်နိုင်ငံကို ဒူးရင်းသီး ပြန်လည်တင်ပို့နိုင်ဖို့အတွက် အခွင့်အရေးကောင်းတစ်ခုဖြစ်လာမှာပါ" ဟု ၎င်းက သုံးသပ်ပြောကြားခဲ့ကြောင်း သိရသည်။

**Source : VN Express**

**DOCA (ရန်ကုန်)**

## STOCK EXCHANGE (25.5.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st May, 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 74,996 (Shares) | 351,307,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 15,000 | +500 | +3.45% | 14,500 | 15,000 | 14,500 | 1,267 | 18,469,000 | 33,109,694 | 496,645 |
| MTSH | 00002 | 6,900 | +200 | +2.99% | 6,700 | 6,900 | 6,700 | 6,080 | 41,097,000 | 38,929,150 | 268,611 |
| MCB | 00003 | 9,700 | +100 | +1.04% | 9,700 | 9,700 | 9,700 | 17 | 164,900 | 10,400,986 | 100,890 |
| FPB | 00004 | 4,800 | +300 | +6.67% | 4,700 | 4,800 | 4,700 | 7,211 | 34,151,700 | 31,144,738 | 149,495 |
| TMH | 00005 | 3,250 | +50 | +1.56% | 3,200 | 3,250 | 3,200 | 12 | 38,450 | 12,823,224 | 41,676 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 8,605 | 15,058,750 | 19,977,223 | 34,960 |
| AMATA | 00007 | 3,950 | +50 | +1.28% | 3,800 | 3,950 | 3,800 | 703 | 2,701,850 | 10,497,598 | 41,466 |
| MAEX | 00008 | 4,300 | +0 | +0.00% | 4,200 | 4,300 | 4,200 | 1,101 | 4,626,200 | 23,804,946 | 102,361 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 21st May, 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 651.65 | +18.92 | +2.99% | 630.92 | 651.65 | 630.92 | 24,996 | 116,307,850 | 8 | 1,236,104 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:30 p.m, 22nd May, 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,421 (Shares) | 34,175,900 (MMK) |

| MYANPIX | 657.58 ▲ 5.93 |
|---|---|
| Total Volume (shares) | 6,421 |
| Total Value (MMK) | 34 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,247,347 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 15,000 | ▲0 |
| MTSH | 00002 | 7,000 | ▲100 |
| MCB | 00003 | 9,700 | ▲0 |
| FPB | 00004 | 4,900 | ▲100 |
| TMH | 00005 | 3,250 | ▲0 |
| EFR | 00006 | 1,750 | ▲0 |
| AMATA | 00007 | 3,900 | ▼50 |
| MAEX | 00008 | 4,500 | ▲200 |

TIR

TIR